O_MM

# လျှောက်လွှာအသေးစိတ်

## ကျောင်းဝင်ခွင့်နှင့်ကျောင်းသားဗီဇာ
## လျှောက်ထားခြင်းဆိုင်ရာအချက်အလက်များ
## ၂၀၂၆နှစ်၄လပိုင်း～၂၀၂၇နှစ်၁လပိုင်း

# MANABI外語学院


MANABIနိုင်ငံခြားဘာသာကျောင်းနာဂါနိုကျောင်း

Naganoken'uedashi ōte 2-3 -1YCC dai 2 biru
TEL: +81-268-28-7788
FAX: +81-268-28-7786
nagano@manabi.co.jp
JR Uedaဘူတာမှလမ်းလျှောက်10 မိနစ်

MANABIနိုင်ငံခြားဘာသာ တိုကျိုကျောင်း

Tōkyōtosumidaku ryōkoku 2-10-5TOC ryōkoku biru
TEL: +81-3-6659-2885
FAX: +81-3-6659-2886
tokyo@manabi.co.jp
JR Ryogoku ဘူတာမှ လမ်းလျှောက်4 မိနစ်



တည်ထောင်သူ：YCC・JAPANကုမ္ပဏီ

## I　သင်တန်းဝင်ခွင့်လျှောက်ထားခြင်း

- သင်တန်းသည်နာဂနိုကျောင်းနှင့် တိုကျိုကျောင်းအတွက်တူဖြစ်သည်။
- ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ စ၍ ပညာရေးနှင့် သိပ္ပံ ဝန်ကြီးဌာန မှအတည်ပြုထားသော ဂျပန်ဘာသာပညာသင်ကြားရေးအဖွဲ့အစည်းအဖြစ် ဖွင့်လှစ်ရန် ရည်ရွယ်ပါသည်။
- ဂျပန်ဘာသာအထွေထွေသင်တန်းနှင့် 『ဆက်လက်ပညာသင်ကြားခြင်းသင်တန်း』မည့်သည့်သင်တန်းကိုမဆို၊ တက္ကသိုလ်သို့မဟုတ်တက္ကသိုလ်ဘွဲ့လွန်သို့ တက်ရောက်ရန်နှင့် အလုပ်ဝင်ခြင်းအတွက်လေ့လာနိုင်ပါသည်။

| သင်ရိုးညွှန်းတမ်းအမည် | ကျောင်းအပ်ကာလ | ပညာသင်ကြားချိန်ကာလ | စုစုပေါင်းလေ့လာမှုနာရီပေါင်း |
|---|---|---|---|
| အထွေထွေဂျပန်ဘာသာစကားသင်တန်း (၂ နှစ်)၊ | 4လ | 2နှစ် | နာရီပေါင်း1,520 |
| အထွေထွေဂျပန်ဘာသာစကားသင်တန်း (၁နှစ်၉လ) | 7လ | 1နှစ်9လ | နာရီပေါင်း1,330 |
| ပညာဆက်လက်သင်ကြားခြင်းသင်တန်း၁နှစ်၆လ | 10လ | 1နှစ်6လ | နာရီပေါင်း1,140 |
| ပညာဆက်လက်သင်ကြားခြင်းသင်တန်း၁နှစ်၃လ | 1လ | 1နှစ်3လ | နာရီပေါင်း950 |

## II　သင်တန်းရက်များ နှင့် သင်တန်းအချိန်များ

- အတန်း၁ချိန်တွင်၅၀ မိနစ်၊ တစ်နေ့တွင် အတန်းချိန်၄ ချိန် ၂၀၀ မိနစ် ဖြင့်တစ်ခုချင်းစီ သင်တန်းကျင်းပပါသည်။
- ဝင်ခွင့်ပြုသောအခါ၊ အတန်းတက်ရန် အဆင့်ခွဲစိစစ်မှု စမ်းသပ်မှုကို ပြုလုပ်ပြီး၊ သင့်အဆင့်နှင့်ကိုက်ညီသော သင်တန်းသို့ ဝင်ရောက်သင်ကြားရပါမည်။
- သင်တန်းများမှာ မနက်နှင့် ညနေ အပိုင်းနှစ်ပိုင်းဖြင့်ရှိပါသည်။သို့သော် မနက်သို့မဟုတ် ညနေကို ရွေးချယ်လို့မရနိုင်ပါ။
- သင်တန်းရက်များ: တနင်္လာမှသောကြာနေ့အထိ (စနေနှင့်တနင်္ဂနွေ၊အစိုးရရုံးပိတ်ရက်များ၊ နှင့်ကျောင်းမှသတ်မှတ်ထားသော ပိတ်ရက်များမပါဝင်ပါ။)

အတန်းချိန်များ:

| | နာဂနိုကျောင်း | တိုကျိုကျောင်း |
|---|---|---|
| မနက်ပိုင်းအတန်း | 8:40 ～ 10:20,　10:40 ～ 12:20 | 9:00 ～ 10:40,　11:00 ～ 12:40 |
| ညနေပိုင်းအတန်း | 13:10 ～ 14:50,　15:10 ～ 16:50 | 13:20 ～ 15:00,　15:20 ～ 17:00 |

## III　ဝင်ခွင့်အရည်အချင်းများ

(1)၁၂ နှစ်တိုင်အောင် ပညာရေးသင်တန်းများ သို့မဟုတ်အလားတူသင်တန်းများကို ပြီးစီးခဲ့သောသူများ။
(2)တရားဝင်သောနည်းလမ်းဖြင့်ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိသောသူများ သို့မဟုတ် ဝင်ရောက်ခွင့်ရရှိမည်ဟု မျှော်မှန်းထားသူများ။ (3) ဝင်ခွင့်ရပြီးသောအခါ၊ လိုအပ်သော ငွေကြေးများကို ပြင်ဆင်ထားသူများ သို့မဟုတ် ဝင်ရောက်ပြီးနောက် ငွေကြေးထောက်ပံ့
မည့်သူ ရှိသူများ။
(4)ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကောင်းမွန်ပြီး၊ ပညာသင်ကြားရာတွင် အာရုံစိုက်နိုင်သူများ။
(5)ကျောင်း၏ "လျှောက်လွှာတွင်ရှိသောသဘောတူညီချက်များ" ကို နားလည်ပြီး၊ သဘောတူလက်ခံသောသူများ။

## IV　ဝင်ခွင့်ရွေးချယ်ခြင်း

- စာရွက်စာတမ်း စိစစ်ခြင်း
- ဂျပန်ဘာသာအဆင့်စစ်ဆေးခြင်း

- အင်တာဗျူးရလဒ်

ဝင်ခွင့်လျှောက်လွှာအတွက် လိုအပ်သော ဂျပန်ဘာသာစကားစွမ်းရည်:

| ပညာရေးသင်တန်းအမည် | ဂျပန်ဘာသာစကားပညာရေး ကိုးကားချက် | ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ | စာလေ့လာချိန်ကြာချိန် |
|---|---|---|---|
| အထွေထွေဂျပန်ဘာသာပညာ ၂ နှစ် သင်တန်း | A1 | N5 အောင်အဆင့် | 150နာရီနှင့်အထက် |
| အထွေထွေဂျပန်ဘာသာပညာ ၁နှစ်၉လ သင်တန်း | A1 | N5 အောင်အဆင့် | 190နာရီနှင့်အထက် |
| ပညာဆက်လက်သင်ကြားခြင်းအတန်း ၁ နှစ် ၆လ သင်တန်း | A2 | N4 အောင်အဆင့် | 380နာရီနှင့်အထက် |
| ပညာဆက်လက်သင်ကြားခြင်းအတန်း ၁နှစ်၃လသင်တန်း | B1 | N3အောင်အဆင့် | 570နာရီနှင့်အထက် |

## V လျှောက်လွှာစာရွက်စာတမ်းများ

◆ အောက်ပါအချက်များကို ဂရုစိုက်ပြီး စာရွက်စာတမ်းများကို ပြင်ဆင်ပါ။

- အကယ်၍ သင်သည် ဂျပန်နိုင်ငံသို့ ဗီဇာအတွက် ယခင်က လျှောက်ထားဖူးပါက၊ သင်သည်ယခင်ဝင်ခွင့်လျှောက်လွှာတင်သော ရလဒ်သည်မည်သို့ပင်ရှိစေကာမူ အချက်အလက်အားလုံးကို တင်ပြရမည်ဖြစ်သည်။
- ဝင်ခွင့်လျှောက်လွှာများနှင့်အောက်ပါဇယားတွင်"ကျောင်း၏ပုံစံ"ဟုရေးသားထားသောစာရွက်စာတမ်းများကိုသီးခြားသတ်မှတ်ထားသော Excel ဖိုင်ကို အသုံးပြု၍ ပြုလုပ်ပါ။
- လျှောက်လွှာစာရွက်စာတမ်းများကိုလျှောက်ထားသူနှင့်ငွေကြေးပံ့ပိုးကူညီသူမှကိုယ်တိုင်စစ်ဆေးပြီးမပျက်မကွက်လက်မှတ်ရေးထိုးရမည်ဖြစ်သည်။
  - လျှောက်ထားသူ၏ လက်မှတ်မပါဘဲ တင်သွင်းသည့် စာရွက်စာတမ်းများကို လက်ခံမည်မဟုတ်ပါ။
  - စာရွက်စာတမ်းများကို ပြုလုပ်ရန် အသုံးပြုခဲ့သော Excel ဖိုင်ကို ဝင်ခွင့်လျှောက်လွှာတင်စဉ်တွင် အီးမေးလ်ဖြင့် ကျောင်းသို့ တင်ပြပါ။
- လျှောက်လွှာအတွက်မူရင်းစာရွက်စာတမ်းများကိုတင်ပြပါ၊ဘွဲ့လက်မှတ်များမှလွဲ၍အခြားစာရွက်စာတမ်းများကိုပြန်လည်ပေးအပ်
- မည်မဟုတ်ပါ။
- ဂျပန်ဘာသာမှလွဲ၍ အခြားဘာသာစကားများဖြင့် ရေးသားထားသော စာရွက်စာတမ်းများအားလုံးကို ဂျပန်ဘာသာပြန်ဖြင့် တင်ပြရမည်ဖြစ်သည်။
- လျှောက်ထားသူ၏အခြေအနေအရ၊ အချက်အလက်စာရင်းတွင် ပါဝင်ခြင်းမရှိသော စာရွက်စာတမ်းများကို တင်ပြရန် တောင်းဆိုရနိုင်ပါသည်။
- စာရွက်စာတမ်း၏အကျုံးဝင်မည့်ကာလသည် လူဝင်မှုကြီးကြပ်ရေးသို့ တင်သွင်းသည့်နေ့မှ သုံးလအထိ သက်တမ်းရှိသည်။
- တင်သွင်းထားသောလျှောက်လွှာစာရွက်စာတမ်းများ၏အကြောင်းအရာများကိုကျောင်းမှစုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။ကျောင်း၏စုံစမ်းစစ်ဆေးမှုအရသင့်လျှောက်လွှာစာရွက်စာတမ်းများ၏အကြောင်းအရာများနှင့်ပတ်သက်ပြီးသံသယတစ်စုံတစ်ရာတွေ့ရှိပါကသင်၏လျှောက်လွှာကိုကျောင်းမှလက်ခံပြီးနောက်ဖြစ်စေလူဝင်မှုကြီးကြပ်ရေးရုံးသို့တင်ပြပြီးနောက်တွင်ဖြစ်စေ
  လျှောက်လွှာကို ပယ်ဖျက်ပြီး လူဝင်မှုကြီးကြပ်ရေရုံးမှအသိအမှတ်ပြုလက်မှတ်ကိုရုပ်သိမ်းမည်ဖြစ်ပါသည်။

◆ လျှောက်ထားသူကိုယ်တိုင်၏စာရွက်စာတမ်းများ

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| ၁ | ဝင်ခွင့်လျှောက်လွှာ | ကျောင်း၏ ပုံစံစာရွက် |
| ၂ | ကျန်းမာရေးအခြေအနေကြေညာစာတမ်း | ကျောင်း၏ပုံစံစာရွက် |

| | | |
|---|---|---|
| ၃ | လျှောက်လွှာတင်ခြင်းအတွက်သဘောတူညီချက်များ | ကျောင်း၏ပုံစံစာရွက် |
| ၄ | နောက်ဆုံးပညာအရည်အချင်းအတည်ပြုလက်မှတ်<br>(သို့မဟုတ် မျှော်မှန်းဘွဲ့လက်မှတ်) | |
| ၅ | နောက်ဆုံးပညာအရည်အချင်း၏<br>ရမှတ်အသိအမှတ်ပြုလက်မှတ် | ဂျပန်ဘာသာပြန်ဆိုရန်မလိုအပ်ပါ။ |
| ၆ | ပညာသင်ကြားနေကြောင်းလက်မှတ် | လက်ရှိကျောင်းတွင်စာသင်ကြားနေသူသာလျှင်တင်ပြရမည်။ |
| ၇ | အလုပ်အတွေ့အကြုံအသိအမှတ်ပြုလက်မှတ် | လုပ်ငန်းအတွေ့အကြုံရှိသူသာလျှင်တင်ပြရမည်။ |
| ၈ | ဂျပန်ဘာသာစကား ကျွမ်းကျင်မှု<br>အတည်ပြုစာရွက်စာတမ်း<br>(1)ဂျပန်ဘာသာစကားအရည်အချင်းအောင်လက်မှတ်<br>(2)J-TEST အောင်လက်မှတ်<br>(3)NAT-TESTအောင်လက်မှတ်<br>(4)ဂျပန်ဘာသာလေ့လာမှုအတည်ပြုလက်မှတ် | တတ်နိုင်သလောက်နံပါတ်၁ကိုဖြေပြီးတင်ပြပေးပါရန်။<br>BJT/JLRT၊ STBJ၊ TOPJ၊ J-cert၊ JLCT၊ PJC Bridge နှင့် JPT ကဲ့သို့သော<br>ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲများမှ<br>ရလဒ်များကိုလက်ခံပါသည်။အသေးစိတ်အချက်အလက်အ<br>တွက်တိုင်ပင်ဆွေးနွေးပါ။ |
| ၉ | နိုင်ငံကူးလက်မှတ်မိတ္တူ | ကိုယ်ရေးအချက်အလက်ပါဝင်သည့်စာမျက်နှာနှင့်<br>တခြားအချက်အလက်များရှိပါကအချက်အလက်ရှိသောစာ<br>မျက်နှာကိုပါထည့်သွင်းတင်ပြပါရန်။ |
| ၁၀ | ဓာတ်ပုံဒေတာ | ・<br>လွန်ခဲ့သောသုံးလအတွင်းရိုက်ထားသောဓာတ်ပုံကိုတင်ပြရန် ရှေ့ဘက်မြင်ကွင်း၊ ဦးထုပ်မပါ၊<br>နောက်ခံမရှိရပါ။<br>・Jpeg ဖော်မက်ပုံစံဖြင့်<br>・အနံ480～6000ပစ်ဇယ်အထိ<br>・အမြင့်480～6000ပစ်ဇယ်အထိ<br>※ဓာတ်ပုံများကိုeditလုပ်ထားပါကလက်မခံနိုင်ချေရှိပါသည်။ |

◆ငွေကြေးထောက်ပံ့သူ၏စာရွက်စာတမ်းများ

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| 1 | ငွေကြေးအထောက်အပံ့ပေးစာ | ကျောင်း၏ပုံစံစာရွက် |
| 2 | ငွေကြေးထောက်ပံ့သူနှင့်လျှောက်ထားသူကြားပက်သက်ဆက်နွယ်မှုကိုစစ်ဆေးသည့်စာရွက်စာတမ်း(မွေးသက္ကရာဇ်နှင့်အိမ်ထောင်စုစာရင်းအထောက်အထား) | |
| 3 | အပ်ငွေလက်ကျန်အထောက်အထားလက်မှတ် | အပ်ငွေလက်ကျန်သည်ပထမနှစ်၏နေထိုင်စားသောက်စရိတ်နှင့်ကျောင်းလခကိုပေးချေနိုင်သောပမာဏဖြစ်ရမည်။ |
| 4 | ပြီးခဲ့သောတစ်နှစ်အတွင်းငွေကြေးစုဆောင်းမှုလုပ်ငန်းစဉ်ကိုသက်သေပြသောစာရွက်စာတမ်းများ<br>(၁)ပြီးခဲ့သောတစ်နှစ်အတွင်းဘဏ်အကောင့်အဝင်အထွက် အသေးစိတ်မှတ်တမ်း<br>(၂)ပြီးခဲ့သော ၁ နှစ်အတွင်း စုငွေစာအုပ် မိတ္တူ | (၁)သို့မဟုတ်(2)ကိုတင်ပြပေးပါရန်။ |
| 5 | ငွေကြေးထောက်ပံ့သူ၏ အလုပ်အကိုင်ကို စိစစ်သည့်စာရွက်စာတမ်းများ<br>(1)အလုပ်အကိုင်သက်သေခံလက်မှတ်<br>(2)လုပ်ငန်းလိုင်စင်<br>(3)ကုမ္ပဏီအဖွဲ့ဝင်တာဝန်ရှိသူဖြစ်ပါက<br>ကုမ္ပဏီမှတ်ပုံတင်မှတ်တမ်းမိတ္တူ စသဖြင့် | (၁)ကနေ(၃)အထိထဲမှာတစ်ခုခုကိုတင်ပြပါရန်။ |

| | စာရွက်စာတမ်းအမည် | မှတ်ချက် |
|---|---|---|
| 6 | ပြီးခဲ့သောတစ်နှစ်အတွင်းဝင်ငွေများကိုသက်သေပြသောစာရွက်စာတမ်း | နိုင်ငံခြားမှာနေသောငွေကြေးထောက်ပံ့သူဖြစ်လျှင် ဖြစ်နိုင်သမျှဝင်ငွေပမာဏနှင့်အခွန်ပမာဏကိုစီမံခန့်ခွဲသော အစိုးရအဖွဲ့အစည်းမှထုတ်ပေးသောစာရွက်စာတမ်းများကို တင်ပြရမည်။<br>【ဂျပန်နိုင်ငံအတွင်းရှိငွေကြေးထောက်ပံ့သူဖြစ်ပါက】<br>မြို့နယ်/ရပ်ကွက်ရုံးမှထုတ်ပေးသောစုစုပေါင်းဝင်ငွေဖော်ပြထားသောအခွန်ဆောင်ထားကြောင်းအထောက်အထားကို တင်ပြရန်။အခွန်ဆောင်ထားကြောင်းအထောက်အထားမရှိပါအခွန်ဌာနမှထုတ်ပေးသောအခွန်ငွေပေးချေမှုအမှတ်(၁)နှင့်အမှတ်(၂)ကိုတင်ပြရန်။ |

# Ⅵ ကျောင်းလျှောက်လွှာတင်ခြင်းမှကျောင်းတက်ခွင့်ရရှိသည်အထိ

◆ လျှောက်လွှာတင်ခြင်းမှကျောင်းတက်ခြင်းအထိလုပ်ငန်းစဉ်

| | |
|---|---|
| STEP 1 စာရွက်စာတမ်းတင်ပြခြင်း . စစ်ဆေးခ ပေးသွင်းခြင်း | လျှောက်လွှာအတွက် လိုအပ်သောစာရွက်စာတမ်းအားလုံးကို သတ်မှတ်နေ့စွဲအထိ လက်ခံစာရင်းသွင်းရုံးသို့တင်ပြရမည်။စစ်ဆေးမှုအခကြေးငွေကိုလည်းသတ်မှတ်ထားသော ဘဏ်အကောင့်သို့ လွှဲပြောင်းပေးရမည်ဖြစ်သည်။ |
| STEP 2 ကျောင်းမှစိစစ် စစ်ဆေးခြင်း | စာရွက်စာတမ်းများကိုလက်ခံရရှိပြီးနောက်၊ သင့်လျှောက်လွှာကို လက်ခံခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် စစ်ဆေးပါမည်။ ပြည့်စုံအောင်မြင်ပါကလျှောက်လွှာစာရွက်စာတမ်းများကိုလူဝင်မှုကြီးကြပ်ရေးရုံးသို့တင်ပြမည်ဖြစ်ပါသည်။ |
| STEP 3 နိုင်ငံဝင်/ထွက်နှင့် နေထိုင်ခွင့် . စီမံခန့်ခွဲရေးဦးစီးဌာသို့တင် သွင်းခြင်း | လျှောက်လွှာကိုလူဝင်မှုကြီးကြပ်ရေးရုံးမှစစ်ဆေးပြီးနောက်ခွင့်ပြုခံရသူများကိုနေထိုင်ခွင့်အတည်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ ကျောင်း၏အဆောင်တွင်နေထိုင်လိုသူများနှင့်လေဆိပ်ကိုလာကြိုပေးရန်ဆန္ဒရှိသူများသည်လျှောက်လွှာကိုသတ်မှတ်ထားသောနေ့စွဲအတွင်းတင်ပြရမည်။ |
| STEP 4 အတည်ပြုလက်မှတ်ပေးအပ်ခြင်း နှင့်ကျောင်းလခပေး သွင်းခြင်း | နေထိုင်ခွင့်အတည်ပြုလက်မှတ်(COE)လက်ခံရရှိသူများသည်ဝင်ခွင့်ကြေး၊ သင်တန်းကြေး၊စာသင်ခန်းစရိတ်နှင့်အာမခံကြေးများကိုဘဏ်မှတစ်ဆင့်(သို့)fly wire၏သင်တန်းကြေးပေးသွင်းမှုဝန်ဆောင်မှုကိုအသုံးပြု၍ပေးချေရမည်။ ငွေပေးချေမှုအတည်ပြုပြီးနောက်ကျောင်းမှနေထိုင်ခွင့်အတည်ပြုလက်မှတ် ကျောင်းဝင်ခွင့်ပြုချက်လက်မှတ်၊「ကျောင်းအချိန်ဇယား」စသည်တို့ကို ပို့ပေးပါမည်။ |
| STEP 5 ဗီဇာလျှောက်ထားခြင်း | ဂျပန်သံရုံး၊ သံအမတ်ရုံး စသည့်နေရာများတွင် နိုင်ငံခြားသားကျောင်းသားဗီဇာကို လျှောက်ထားပေးရမည်ဖြစ်သည်။ |
| STEP 6 ဗီဇာထုတ်ပေးပြီး | ဂျပန်နိုင်ငံသို့ ဝင်ရောက်မည့် လေယာဉ်ခရီးစဉ်နှင့် ဂျပန်တွင် ဆက်သွယ်ရန်လိပ်စာများ အစရှိသော အချက်အလက်များကို ကျွန်ုပ်တို့အား အသိပေးပါ။ |
| STEP 7 ဂျပန်နိုင်ငံသို့ ဝင်ရောက်ခြင်း / . ကျောင်းဝင်ခြင်း | ကျောင်းဝင်ခွင့်အခမ်းအနား၊ မိတ်ဆက်အစည်းအဝေး၊ သင်တန်းစတင်ခြင်း။ |

◆ အစီအစဉ်

| | ၂၀၂၆ ခုနှစ် ဧပြီလ ကျောင်းဝင်ခြင်း | ၂၀၂၆ ခုနှစ် ဇူလိုင်လ ကျောင်းဝင်ခြင်း | ၂၀၂၆ ခုနှစ် အောက်တိုဘာလ ကျောင်းဝင်ခြင်း | ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ကျောင်းဝင်ခြင်း |
|---|---|---|---|---|
| STEP 1<br>လျှောက်လွှာစာရွက်များကို ကျောင်းသို့ တင်ပြခြင်း | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အလယ်ပိုင်း | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ ဧပြီလ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ အစောပိုင်း |
| STEP 2<br>နိုင်ငံဝင်/ထွက်နှင့် နေထိုင်ခွင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ လျှောက်ထားခြင်း | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အလယ်ပိုင်း | ၂၀၂၆ ခုနှစ်၊ မတ်လ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ ဇွန်လ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ အလယ်ပိုင်း |
| STEP 3<br>အတည်ပြုလက်မှတ် ထုတ်ပေးခြင်း နှင့် သင်တန်းကြေး ပေးသွင်းခြင်း | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ အလယ်ပိုင်း | ၂၀၂၆ ခုနှစ်၊ မေလ အလယ်ပိုင်း | ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ အလယ်ပိုင်း | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ အလယ်ပိုင်း |
| **သတ်မှတ်ထားသော နိုင်ငံဝင်ရောက်ရမည့်နေ့** | ၂၀၂၆ ခုနှစ်၊ ဧပြီလ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ အစောပိုင်း | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ အစောပိုင်း | ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်း |

* စာရွက်စာတမ်း တင်သည့် သတ်မှတ်ကာလ မတိုင်မီ ခေါ်ယူသော လူဦးရေ ကျော်လွန်သွားပြီး လက်ခံမှုကို ပိတ်လိုက်ရနိုင်သည့် အခြေအနေမျိုးလည်းရှိသောကြောင့် အမြန်ဆုံး လျှောက်ထားပေးပါရန် တောင်းဆိုအပ်ပါသည်။
* အထက်ဖော်ပြပါ အချိန်ဇယားများကို နိုင်ငံအဝင်အထွက်နှင့် နေထိုင်ခွင့် စီမံခန့်ခွဲရေးဦးစီးဌာန၏ပြောင်းလဲမှုအခြေအနေအရ ကြိုတင် သတိပေးမှုမရှိဘဲ ပြောင်းလဲနိုင်ပါသော အခြေအနေလည်း ရှိပါသည်။
*
သတ်မှတ်ထားသောဝင်ရောက်ရမည့်နေ့နောက်ပိုင်းအတွက်အတည်ပြုထားသောအစီအစဉ်များကိုအသိအမှတ်ပြုလက်မှတ်ပေးပို့သည့် အချိန်တွင် ပေးပို့ပေးပါမည်။

## VII ပေးသွင်းရမည့်အခကြေးငွေများ

◆နာဂါနိုကျောင်း･တိုကျိုကျောင်း

| | |
|---|---|
| အချက်အလက်စစ်ဆေးခ | 22,000ယန်း |

◆နာဂနိုကျောင်း

| အသုံးစရိတ် | ပထမနှစ်ကုန်ကျစရိတ် | ဒုတိယနှစ်ကုန်ကျစရိတ် |
|---|---|---|

| း | သင်တန်းအားလုံးအတွက် | ၂နှစ် သင်တန်း | ၁နှစ်နှင့် ၉လသင်တန်း | ၁နှစ်နှင့် ၆လသင်တန်း | ၁နှစ်နှင့် ၃လသင်တန်း |
|---|---|---|---|---|---|
| ကျောင်းဝင်ခွင့်ကြေး | 70,000ယန်း | - | - | - | - |
| စာသင်တန်းကြေး | 720,000ယန်း | 720,000ယန်း | 540,000ယန်း | 360,000ယန်း | 180,000ယန်း |
| အဆောက်အဦးစာသင်ခန်းကြေး | 50,000ယန်း | 50,000ယန်း | 37,500ယန်း | 25,000ယန်း | 12,500ယန်း |
| အာမခံကြေး | 10,000ယန်း | 10,000ယန်း | 7,900ယန်း | 5,800ယန်း | 3,300ယန်း |
| စုစုပေါင်း | 850,000ယန်း | 780,000ယန်း | 585,400ယန်း | 390,800ယန်း | 195,800ယန်း |
| သင်ထောက်ကူပစ္စည်းများ ခန့်မှန်းကုန်ကျငွေ | 36,000ယန်း | 32,000ယန်း | 24,000ယန်း | 16,000ယန်း | 8,000ယန်း |

◆တိုကျိုကျောင်း

| အသုံးစရိတ်အမျိုးအစားများ | ပထမနှစ်ကုန်ကျစရိတ် | ဒုတိယနှစ်ကုန်ကျစရိတ် | | | |
|---|---|---|---|---|---|
| | သင်တန်းသဘောတူညီချက်များ | 2နှစ်သင်တန်း | ၁နှစ်နှင့် ၉လသင်တန်း | ၁နှစ်နှင့် ၆လသင်တန်း | ၁နှစ်နှင့် ၃လသင်တန်း |
| ကျောင်းဝင်ခွင့်ကြေး | 70,000ယန်း | - | - | - | - |
| စာသင်တန်းကြေး | 760,000ယန်း | 760,000ယန်း | 570,000ယန်း | 380,000ယန်း | 190,000ယန်း |
| အဆောက်အဦးစာသင်ခန်းကြေး | 50,000ယန်း | 50,000ယန်း | 37,500ယန်း | 25,000ယန်း | 12,500ယန်း |
| အာမခံကြေး | 10,000ယန်း | 10,000ယန်း | 7,900ယန်း | 5,800ယန်း | 3,300ယန်း |
| စုစုပေါင်း | 890,000ယန်း | 820,000ယန်း | 615,400ယန်း | 410,800ယန်း | 205,800ယန်း |
| သင်ထောက်ကူပစ္စည်းများ ခန့်မှန်းကုန်ကျငွေ | 36,000ယန်း | 32,000ယန်း | 24,000ယန်း | 16,000ယန်း | 8,000ယန်း |

- အထက်ဖော်ပြပါ ငွေပမာဏအားလုံးတွင် အခွန်ပါဝင်ပြီး ဖြစ်ပါသည်။
- အထက်ဖော်ပြထားသော ပေးဆောင်ရမည့်ငွေများသည် ၂၀၂၆ ခုနှစ် လေးလပိုင်း မှ ၂၀၂၇ ခုနှစ် သုံးလပိုင်းအထိ သက်ရောက်သော ငွေပမာဏဖြစ်ပါသည်။
- တစ်ကြိမ် ဝင်ခွင့်ကြေးကို ပေးသွင်းပြီးပါက နောက်တကြိမ် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် ပြန်လည်ကျောင်းဝင်ခြင်းများတွင် ဝင်ကြေးခွင့်ကို ထပ်မံပေးသွင်းရန် မလိုအပ်ပါ။ (ပထမဆုံးလျှောက်ထားသောနေ့မှ နှစ်နှစ်အတွင်းသာ အကြုံးဝင်ပါသည်။)
- အာမခံကြေး ဆိုသည်မှာ " ဂျပန်ဘာသာကျောင်းများ ပူးပေါင်းအသင်းမှ စီစဉ်သော နိုင်ငံခြားသားကျောင်းသားအာမခံစနစ်" အား ပါဝင်ရယူရန်အတွက် ပေးသွင်းရသော အခကြေးငွေဖြစ်ပါသည်။ အာမခံသည် သတ်မှတ်ထားသော ကာလအတွင်း တဝက်တပျက် အလယ်တွင် ဖျက်သိမ်းခြင်း မပြုနိုင်ပါ။ နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမတိုင်မီက ရှိပြီးဖြစ်သော နာတာရှည်ရောဂါများ၊ သွားဆေးကုသမှုများ၊ မီးဖွားခြင်း စသည်တို့သည် အာမခံအောက်တွင် မပါဝင်နိုင်ပါ။

- အသေးစိတ်အချက်အလက်များကို နိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးနောက်တွင် ရှင်းပြပေးပါမည်။သင်ထောက်ကူပစ္စည်းများသည် သင်တန်းအတန်းအတည်ပြုပြီးနောက်တွင် အမှန်တကယ်အသုံးပြုမည့် တန်ဖိုးအတိုင်း ဝယ်ယူရပါမည်။ အထက်တွင် ဖော်ပြထားသောငွေပမာဏများမှာ အကြမ်းဖျင်းခန့်မှန်းချက် ဖြစ်ပါသည်။ သင်ယူရမည့်အတန်းနှင့် ရွေးချယ်ထားသည့် သင်တန်းအမျိုးအစားပေါ် မူတည်ပြီး ငွေပမာဏ ကွဲပြားနိုင်ပါသည်။
- ၂၀၂၇ ခုနှစ် လေးလပိုင်း ဧပြီလမှ စတင်၍ ပေးဆောင်ရမည့်ငွေများတွင် ပြောင်းလဲမှုရှိနိုင်ပါသည်။ ထိုအခါတွင် ကျောင်းတွင် တက်ရောက်နေသောအချိန်တွင် အဆိုပါနှစ်၏ အသစ်ပြောင်းလဲထားသည့် ငွေပမာဏကို ပေးဆောင်ရမည် ဖြစ်ပါသည်။
- ငွေပေးချေမှုများကို ကျောင်းမှ သတ်မှတ်ထားသော ဘဏ်အကောင့်သို့ တိုက်ရိုက်ငွေလွှဲပေးခြင်း သို့မဟုတ် Flywire ကုမ္ပဏီမှ ပံ့ပိုးသော ကျောင်းလခငွေလွှဲခြင်းဝန်ဆောင်မှု (www.flywire.com) ကို အသုံးပြုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ငွေတောင်းခံလွှာတွင် ဖော်ပြပေးပါမည်။

## Ⅷ ပေးဆောင်ထားသောငွေ ပြန်အမ်းခြင်း စည်းမျဉ်းများ

(1) နေထိုင်ခွင့်အတည်ပြုလက်မှတ်ကိုထုတ်ပေးပြီးသားဖြစ်သော်လည်း ဗီဇာလျှောက်ထားခြင်း မပြုပဲ ဂျပန်နိုင်ငံသို့ မရောက်လာသောအခါတွင်

လိုအပ်သော အခြေအနေများ : ဝင်ခွင့်အတည်ပြုလက်မှတ်နှင့် နေထိုင်ခွင့်အတည်ပြုလက်မှတ် (COE) ကိုပြန်လည်ပေးအပ်ရမည်။

ငွေပြန်အမ်းမှု : ကျောင်းဝင်ခွင့်ကြေးနှင့် အချက်အလက်စစ်ဆေးခမပါဝင်ဘဲ အခြားပေးသွင်းထားသော ငွေပမာဏများကို ပြန်အမ်းပေးပါမည်။

(2) နိုင်ငံပြင်ပရှိဂျပန်သံရုံးတွင်ဗီဇာလျှောက်ထားခဲ့ပြီးဖြစ်သော်လည်းဗီဇာထုတ်ပေးခြင်းမခံရသဖြင့်ဂျပန်နိုင်ငံသိုလာရောက်နိုင်ခြင်းမရှိသောအခြေအနေတွင်

လိုအပ်သော အခြေအနေများ : ဝင်ခွင့်အတည်ပြုလက်မှတ်နှင့် နေထိုင်ခွင့်အတည်ပြုလက်မှတ် (COE) ကို ပြန်လည်ပေးအပ်ရမည်။

ထို့အပြင် နိုင်ငံပြင်ပရှိ ဂျပန်သံရုံးမှ ဗီဇာမထုတ်ပေးခဲ့ကြောင်း အထောက်အထားတစ်စောင်ကို တင်ပြရမည်။

ငွေပြန်အမ်းမှု: ကျောင်းဝင်ခွင့်ကြေးနှင့် အချက်အလက်စစ်ဆေးခ မပါဝင်ဘဲ အခြားပေးသွင်းထားသော ငွေပမာဏများကို ပြန်အမ်းပေးပါမည်။

(3) ဗီဇာရရှိပြီးသော်လည်း ဂျပန်နိုင်ငံသို့ မရောက်မီ ကျောင်းဝင်ခွင့် ရယူမှုကို စွန့်လွှတ်လိုက်သောအခါ

လိုအပ်သော အခြေအနေများ: ဝင်ခွင့်အတည်ပြုလက်မှတ်နှင့် နေထိုင်ခွင့်အတည်ပြုလက်မှတ် (COE) ကို ပြန်လည်ပေးအပ်ရမည်။

ထို့အပြင် ရရှိထားသောဗီဇာကို အသုံးမပြုကြောင်းကို ကျောင်းအဖွဲ့အစည်းမှ အတည်ပြုနိုင်ရမည်။

ငွေပြန်အမ်းမှု : ကျောင်းဝင်ခွင့်ကြေးနှင့် အချက်အလက်စစ်ဆေးခ မပါဝင်ဘဲ အခြားပေးသွင်းထားသော ငွေပမာဏများကို ပြန်အမ်းပေးပါမည်။

(4) ကျောင်းဝင်ပြီးနောက် ၆ လအတွင်း ထွက်ခွာသွားသောအခါ

၆ လစာ သင်တန်းကြေးနှင့် အဆောက်အဦးအသုံးစရိတ်များကို ပြန်အမ်းပေးမည်မဟုတ်ပါ။

ထို့အပြင် ကျောင်းတွင် တက်ရောက်သည့်ကာလမရွေး၊ ဝင်ခွင့်ရပြီးနောက်မှ စတင်ပေးသွင်းထားသော နိုင်ငံခြားသားကျောင်းသားအာမခံကြေးသည်လည်း ပြန်အမ်းပေးမည်မဟုတ်ပါ။

(5) ကျောင်းဝင်ပြီး ၆ လကျော်သွားပြီးနောက် ကျောင်းမှ ရပ်နား ထွက်ခွာသွားသောအခါ

လိုအပ်သော အခြေအနေများ: အောက်ဖော်ပြပါအခြေအနေများအားလုံးကို ပြည့်မီရမည်။

① သင်တန်းကာလအစမတိုင်မီနေ့တွင် ထွက်ခွာမည်ဆိုသောလျှောက်လွှာ (ထွက်ခွာကြောင်းအသိပေးစာ) ကို ကျောင်းဘက်သို့ တင်သွင်းပြီးဖြစ်ရမည်။

② နိုင်ငံခြားသားကျောင်းသား ဗီဇာဖြင့် ဂျပန်နိုင်ငံသို့ ပြန်ဝင်ခွင့်မရှိသောအခြေအနေဖြင့်မိမိနိုင်ငံသို့ပြန်ခြင်း သို့မဟုတ် ကျောင်းသား ဗီဇာမဟုတ်သောအခြားဗီဇာအဖြစ် ပြောင်းလဲထားကြောင်းကို ကျောင်းဘက်မှအတည်ပြုနိုင်ရမည်။

③ ကျောင်းအုပ်မှ ခွင့်ပြုထားရမည်ဖြစ်သည်။

ငွေပြန်အမ်းမှု : ဇန်နဝါရီ၊ ဧပြီ၊ ဇူလိုင်နှင့် အောက်တိုဘာလများကိုသင်တန်းကာလစတင်သောလများ အဖြစ် ၃ လကြာ သင်တန်းကာလ ဟု သတ်မှတ်ပြီး၊ သင်တန်းမတက်ရောက်သော သင်တန်းကာလအတွက် သင်တန်းကြေးနှင့် အဆောက်အဦးအသုံးစရိတ်ကိုပြန်အမ်းပေးပါမည်။

(6) ငွေပြန်အမ်းမှုနှင့်ပတ်သက်သော စရိတ်များ

ကျောင်းသို့ ပေးသွင်းပြီးသော ငွေများကို ပြန်အမ်းရာတွင် ဖြစ်ပေါ်သည့် ဘဏ်ငွေလွှဲခနှင့် အခြားစရိတ်များကို လျှောက်ထားသူဘက်မှ
တာဝန်ယူပေးဆောင်ရမည်ဖြစ်ပါသည

## Ⅸ လျှောက်ထားချိန် သဘောတူညီချက်များ (လျှောက်ထားသူနှင့်ငွေကြေးထောက်ပံ့သူများ အတွက် မဖြစ်မနေဖတ်ရန်!)

- **MANABI ဘာသာစကားကျောင်းသို့ လျှောက်ထားခြင်းအတွက် လျှောက်လွှာတင်ချိန်တွင်စာရွက်စာတမ်းတွင် ဖော်ပြထားသော သဘောတူညီချက်များကို အတည်ပြုပေးရန် တောင်းဆိုပါသည်။**
- **ကျောင်းတက်ပြီးနောက်တွင် အောက်ဖော်ပြပါ သဘောတူညီချက်များကို ဖောက်ဖျက်သည့် အခြေအနေတွေ့ရှိပါက ကျောင်းသား/သူသည် စာရင်းပယ်ခြင်း သို့မဟုတ် ကျောင်းမှထုတ်ပယ်ခြင်းအပါအဝင် ကျောင်းအဖွဲ့၏အရေးယူမှုများကို လက်ခံသဘောတူသည်ဟုချုပ်ဆိုပါသည်။**

1. ကျောင်းတက်နေသည့် ကာလအတွင်း ဂျပန်နိုင်ငံ၏ဥပဒေများနှင့် ကျောင်း၏စည်းမျဉ်းများကို လိုက်နာပြီး ကျောင်း၏ညွှန်ကြားမှုများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါမည်။
2. MANABI ဘာသာစကားကျောင်း၏ တည်နေရာ, တည်ထောင်သူ, ဝင်ခွင့်အခြေအနေနှင့် ရွေးချယ်ခြင်းနည်းလမ်းများ အဆောင်နေထိုင်ရန်နေရာနှင့် ပတ်သတ်သော အကြောင်းအရာများကို နားလည်သဘောပေါက်ပြီးနောက် ဝင်ခွင့်လျှောက်ထားပါသည်။
3. MANABI ဘာသာစကားကျောင်း၏ ဝင်ခွင့်ကြေး သင်တန်းကြေး စသည့် ငွေပေးချေမှုဆိုင်ရာ အချက်များ, ပေးချေရမည့်ကာလအပိုင်းအခြားအချိန်ဇယား, ပြန်အမ်းငွေစည်းမျဉ်းများကို ပြည့်စုံစွာနားလည်သဘောပေါက်ပြီး အချိန်မှီနောက်ကျခြင်းမရှိပဲ အချိန်မဆိုင်းပဲ ငွေပေးချေရမည်ဖြစ်သည်။
4. ဂျပန်တွင် ပညာသင်ကြားခြင်း၊ ကာလတိုနေထိုင်ခြင်း၊ နိုင်ငံခြားသားများ ဂျပန်တွင် နေထိုင်ရန်အတွက် လိုအပ်သော နေထိုင်ခွင့်လက်မှတ် နှင့် ဗီဇာများမှာ ဂျပန်အစိုးရမှ လျှောက်ထားသူအားစိစစ်ပြီးဖြစ်တဲ့အခါမှသာ ထုတ်ပေးမည့်အရာဖြစ်သည့်အတွက် MANABI ဘာသာစကားကျောင်းသည် ဗီဇာလျှောက်လွှာ၏ရလဒ်များနှင့် ထိုကြောင့် ဖြစ်ပေါ်လာသော ထပ်ဆောင်းကုန်ကျစရိတ်များအပေါ် တာဝန်မရှိပါ။
5. ကျောင်းအတွင်းပြင်မရွေး၊ တခြားကျောင်းသားများ၊ ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းနှင့်ဆက်စပ်သူများအား အကြမ်းဖတ်ခြင်း၊ မသင့်တော်သောစကားပြောဆိုခြင်းနှင့် ပစ္စည်းပျက်စီးစေခြင်း၊နှောင့်ယှက်ခြင်းကဲ့သို့သောအပြုအမူများ ပြုလုပ်သူ၏ ရည်ရွယ်ချက်နှင့်မသက်ဆိုင်ပေမယ့်၊(အခြားသူများ၏ဂုဏ်သိက္ခာကိုထိခိုက်စေသော၊စိတ်မသက်မသာဖြစ်စေသော)အပြုအမူများအားလုံးကို တင်းကြပ်စွာတားမြစ်ထားပါသည်။
6. ကျောင်းထံသို့ မမှန်ကန်သောသတင်းအချက်အလက်များ သို့မဟုတ် လိမ်လည်ရယူထားသော စာရွက်စာတမ်းများ တင်ပြခြင်းဖြစ်ပေါ်လာပါက ကျောင်းဝင်ပြီးသား ဖြစ်နေသည့်အခြေအနေမှာပင် ကျောင်းဝင်ခွင့် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်ပါသည်။
7. ကျောင်းတွင် တက်ရောက်နေစဉ်အတွင်း အောက်ဖော်ပြပါအချက်အလက်များတွင် ပြောင်းလဲမှုရှိပါက ပြောင်းလဲမှု ဖြစ်ပေါ်သည့်နေ့မှ တစ်ပတ်အတွင်း ကျောင်းကို အသိပေးရပါမည်။
   ①လျှောက်ထားသူကျောင်းသားကိုယ်တိုင်နှင့်ပတ်သတ်သော : နေရပ်လိပ်စာ၊ ဖုန်းနံပတ်၊ အိမ်ထောင်ရေးအခြေအနေ၊
   . အလုပ်အကိုင်၊ အလုပ်အကိုင်နေရာ။
   ② လျှောက်ထားသူ၏မိဘများနှင့်( ငွေကြေးပံ့ပိုးပေးမည့်သူ)နှင့်ပတ်သတ်သော: နေရပ်လိပ်စာ၊ ဖုန်းနံပတ်၊ အလုပ်အကိုင်၊
   . အလုပ်အကိုင်နေရာ၊ စရိတ်ပေးဆောင်မည့်သူ(ထောက်ပံ့သူ) ကွယ်လွန်ခြင်း
8. ကျောင်းသား ကျောင်းတက်နေစဉ် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဆေးကုသမှု လိုအပ်ခြင်း၊ ခွဲစိတ်ကုသမှုများနှင့်ပတ်သတ်ပြီး အရေးပေါ်ဆုံးဖြတ်ချက် တောင်းဆိုခံရသည့်အခြေအနေတွင် အဆိုပါကျောင်းသား၏ အုပ်ထိန်းသူမိဘ၏ဆန္ဒကို ချက်ခြင်း အတည်မပြုနိုင်သော အခြေအနေတွင် ဆရာဝန် သို့မဟုတ် ဆေးရုံ၏ဆုံးဖြတ်ချက်ကို ယုံကြည်စွာ အပ်နှင်းပါမည်။ ထို့အပြင် ဆေးကုသမှုနည်းလမ်းနှင့် ပတ်သတ်သည့် သဘောတူညီချက်အနေဖြင့် လက်မှတ်တောင်းခံလာခြင်းရှိပါက MANABI ဘာသာစကားသင်တန်းကျောင်းမှ ဝန်ထမ်းများ သို့မဟုတ် တာဝန်ရှိသူများအား မိဘအဖြစ် ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခွင့် ပေးပါသည်။ ထိုဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာသော ရလဒ်များနှင့် ပတ်သတ်ပြီး MANABI ဘာသာစကားသင်တန်းကျောင်း နှင့် MANABI ဘာသာစကားသင်တန်းကျောင်း၏ ဝန်ထမ်းများအပေါ် ထိခိုက်နစ်နာမှုအတွက် တာဝန်ယူရန် မတောင်းဆိုပါ။

9. ကျောင်း၏ အတန်းတွင်း ပညာသင်ကြားမှုများ၊ ကျောင်းလှုပ်ရှားမှုအစီအစဉ်များတွင် ရိုက်ကူးထားသော ဓာတ်ပုံများကို MANABI ဘာသာစကားသင်တန်းကျောင်း၏ ကြော်ငြာရေးရာ ရည်ရွယ်ချက်များ၊ ကျောင်းလှုပ်ရှားမှု မိတ်ဆက်ရေးရာ ရည်ရွယ်ချက်များအတွက် လက်ကမ်းစာစောင် အစရှိသော ပုံနှိပ်စာရွက်. ဝက်ဘ်(web) စာမျက်နှာများ၊ SNS (Facebook, Instagram စသည်တို့) တွင် ကျောင်းသား၏မျက်နှာပုံရိပ်အထိ မြင်ရသည်အထိတင်ခြင်းရှိပါသည်။ ဓာတ်ပုံများတွင် မပါဝင်စေလိုပါကဓာတ်ပုံမပါဝင်စေချင်ကြောင်း ကြိုတင် အသိပေးတင်ပြထားရန် လိုအပ်ပါသည်။

10. ခွင့်ပြုပေးခံထားရသော ဗီဇာအချိန်ကာလအတောအတွင်း ဖြစ်နေလျှင်ပင် ကျောင်းကို ဆက်လက်တက်ရောက်နိုင်ခြင်းမရှိသည့် အခြေအနေများကြောင့် ကျောင်းထွက်ရသည်ဆိုပါက ကျောင်းသည် ထိုအခြေအနေကို「 နိုင်ငံဝင်ထွက်နှင့် နေထိုင်ခွင့် စီမံခန့်ခွဲရေးဦးစီးဌာန」 သို့ အသိပေးတင်ပြမည်ဖြစ်သည်။ ထိုအချိန်မှစပြီး သင်သည်ပညာရေးအဖွဲ့အစည်းအောက်တွင်မရှိတော့သော အခြေအနေဖြစ်သဖြင့် အမြန်ဆုံးပြန်လည်ထွက်ခွာရန် လိုအပ်လာပါမည်။

11. ဂျပန်နိုင်ငံတွင် အချိန်ပိုင်းအလုပ်လုပ်ရန်အတွက်「ကိုင်ဆောင်ထားသောဗီဇာအလိုက်အချိန်ပိုင်း အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်」ရရှိရန် လိုအပ်ပါသည်။ နိုင်ငံတွင်းဝင်ရောက်ပြီးနောက် အချိန်ပိုင်းအလုပ် လုပ်ရန် ရည်ရွယ်ထားသူသည် နိုင်ငံဝင်သည့်အချိန်တွင် နိုင်ငံဝင်/ထွက်နှင့်နေထိုင်ခွင့် စီမံခန့်ခွဲရေးဦးစီးဌာနတွင်「ကိုင်ဆောင်ထားသောဗီဇာအလိုက်အချိန်ပိုင်းအလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက်」ကို တောင်းခံရမည်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်သို့ရောက်ပြီးနောက်တွင် “ အချိန်ပိုင်းအလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သတ်သော ကျောင်း၏ ညွှန်ကြားချက်များ” အတိုင်း လိုက်နာရပါမည်။

12. နေထိုင်ခွင့်ကာလအတွင်းဖြစ်စေ၊ ပညာရေးအဖွဲ့အစည်းအောက်တွင် ရှိမနေတော့သောအခြေအနေ (ဥပမာ - ကျောင်းထွက်ခြင်း၊ ကျောင်းမှပယ်ဖျက်ခြင်း၊ MANABI ဘာသာစကားကျောင်းတွင် တက်ရောက်နေမှုပြီးစီးသွားပြီးနောက် ဆက်လက်တက်ရောက်မည့် ကျောင်းသို့ မဝင်ရသေးသော အခြေအနေ) တို့တွင် အချိန်ပိုင်းအလုပ်လုပ်ခြင်းကဲ့သို့သော အလုပ်လုပ်မှုများကို ဆောင်ရွက်ပါက၊ ၎င်းသည် နိုင်ငံတော် တရားဥပဒေအရ တရားမဝင်အလုပ်လုပ်ခြင်း ဖြစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့် အလုပ်မျိုးကိုမဆို လုံးဝ မလုပ်ရန် လိုအပ်ပါသည်။

13. 「အချိန်ပိုင်းအလုပ် လုပ်ကိုင်ရန်ခွင့်ပြုချက်」ကို ရရှိပါက သင်သည် တစ်ပတ်လျှင် အလုပ်ချိန် 28 နာရီအထိ အချိန်ပိုင်းအလုပ်လုပ်ခွင့် ရရှိပါသည်။ သို့သော် ကျောင်းက သတ်မှတ်ထားသော ကျောင်းပိတ်ရက်ရှည် အားလပ်ရက်ကာလ (ဥပမာ - နွေရာသီ၊ ဆောင်းရာသီ ပိတ်ရက်ရှည်များ) တွင် အလုပ်သမားဥပဒေအရ တစ်နေ့ ၈ နာရီ၊ တစ်ပတ် ၄၀နာရီ အထိ အလုပ်လုပ်ခွင့် ရှိပါသည်။ သတိပြုရန်မှာ -ကိုင်ဆောင်ထားသောဗီဇာ အချိန်ပိုင်းအလုပ် လုပ်ကိုင်ရန်ခွင့်ပြုချက်」ရှိနေလျှင်ပင် night club,bar, massage စသည်ဖြင့် ဖျော်ဖြေရေးဆိုင်များနှင့် ကိုယ်တိုင် ထိတွေ့ဆက်ဆံရသော ညအပျော်အပါးလုပ်ငန်းများနှင့် ဆက်နွယ်သောအလုပ်များ အစရှိသဖြင့် ဥပဒေနဲ့ တားမြစ်ထားသောအလုပ်များကို ကျောင်းသား အနေဖြင့် လုံးဝလုပ်လို့မရပါ။

14. နိုင်ငံသားကျန်းမာရေးအာမခံစနစ်တွင် အတည်ပြု ဝင်ရောက်ထားရန် လိုအပ်ပါသည်။ ဤအာမခံစနစ်ဖြင့် ဆေးကုသမှုအ

15. တွက် သုံးစွဲသော စုစုပေါင်း၏ 70% ကို ဂျပန်အစိုးရကပေးဆောင်ပါသည်။ ထို့အပြင်ကျောင်းတက်နေချိန်အတွင်းသည် ဂျပန်ဘာသာကျောင်းများ ပူးပေါင်းအသင်းက စီမံခန့်ခွဲသည့် "နိုင်ငံခြားသားကျောင်းသားအတွက် အာမခံစနစ်" ထဲသို့ ဝင်ရပါမည်။

16. ဂျပန်နိုင်ငံတွင် နေထိုင်သူများ (နိုင်ငံခြားသားများအပါအဝင်) သည် အသက် 20 ပြည့်ပြီးပါက「 နိုင်ငံသားအငြိမ်းစားပင်စင်အာမခံစနစ်」၏ အာမခံကြေးကို ပေးဆောင်ရန် တာဝန်ရှိပါသည်။ သို့သော် ပေးဆောင်ရန် အခက်အခဲရှိသဖြင့် အာမခံကြေး ကင်းလွတ်ခွင့် (သို့မဟုတ်) အာမခံကြေးပေးဆောင်ရန် ဆိုင်းငံ့ခြင်း တောင်းခံခြင်ပါက ကျောင်းနှင့်ဆွေးနွေးရန်လိုအပ်ပါသည်။

17. ကာလတိုဗီဇာဖြင့် တက်ရောက်နေသော ကျောင်းသားတစ်ဦး၏ အတန်းတက်ရောက်မှုအခြေအနေ အလွန်နည်းပါးနေခြင်း၊ သို့မဟုတ် ဂျပန်တွင် ဆက်လက်သင်ယူလေ့လာလိုသည့် စိတ်အားထက်သန်မှု စိတ်ပါဝင်စားမှု ကို မမြင်တွေ့နိုင်သည့် အခြေအနေများ ရှိပါက ကျောင်းအနေဖြင့် ကျောင်းသားဗီဇာဖြင့် ကျောင်းဝင်ခွင့် ခွင့်ပြုချက်ကို ဖျက်သိမ်းပါမည်။

18. အသက် ၂၀ မပြည့်သေးသောသူများအတွက် အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို ဂျပန်ဥပဒေအရ တားမြစ်ထားပါသည်။ ထို့အပြင် ကျောင်းတွင် အသက်မပြည့်သေးသော ကျောင်းသားမှ အရက် သို့မဟုတ် ဆေးလိပ်ကို ကိုင်ဆောင်ထားခြင်း၊ လက်ဝယ်ရှိခြင်း အစရှိသည့်အခြေအနေများကိုပင် တရားမဝင်လုပ်ဆောင်မှုအဖြစ် ကိုင်တွယ်ဆောင်ရွက်ပါမည်။

19. အသက် ၁၈နှစ် မပြည့်သေးသော ကျောင်းသားများသည် မိမိတည်းခိုသည့်နေရာအပြင် အခြားနေရာများတွင် ညအိပ်ရန် တည်းခိုခြင်း၊ ထို့အပြင် ည ၁၀နာရီမှ နောက်တနေ့မနက် ၅နာရီအတွင်းတွင် တာဝန်ရှိသူ ဆရာ၊ဆရာမ တာဝန်ယူကြီးကြပ်သူ မပါပဲ အပြင်ထွက်ခြင်းကို တားမြစ်ထားပါသည်။